# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# နှမ်း

# ဈေးကွက်အလားအလာလေ့လာချက်

(ITC MARKET SCAN)

အမှတ်စဉ် (၀၀၀၂)

**(HS-Code 120740)**

**Sesame Seeds, Whether or not broken**








May 2018

# ဈေးကွက်အလားအလာလေ့လာချက်

# (ITC MARKET SCAN)

PRODUCT : 120740 Sesame Seeds

## (HS-Code 120740)

**Sesame Seeds whether or not broken**

## ကမ္ဘာထိပ်တန်းဝယ်ယူသော နိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

Fig 1: Top 5 World importers in 2016

| Importers | Value Imported in 2016 (US$,000) | Quantity Imported in 2016 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| World | 2593115 | - | - | 100 |
| China | 956346 | 931159 | 1027 | 36.9 |
| Turkey | 235860 | 137011 | 1721 | 9.1 |
| Japan | 205438 | 152101 | 1351 | 7.9 |
| Korea, Republic of | 111099 | 77906 | 1426 | 4.3 |
| Iran, Islamic Republic of | 106910 | 79784 | 1340 | 4.1 |

Source : ITC TradeMap

၁။ ဖော်ပြပါထုတ်ကုန်နှမ်း (HS-Code 120740) အား ၂၀၁၆ ခုနှစ်တွင် ဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ တရုတ်၊ တူရကီ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အီရန်တို့ဖြစ်ကြသည်။ တရုတ်နိုင်ငံ၏ နှမ်းတင်သွင်းမှု တန်ဖိုးစုစုပေါင်းမှာ ကန်ဒေါ်လာ ထောင်ပေါင်း ၉၅၆၃၄၆ ဖြစ်ပြီး ကမ္ဘာ့နှမ်းဈေးကွက်တွင် ဈေးကွက်ဝေစု ၃၆ ဒသမ ၉ ရာခိုင်နှုန်းရရှိထားသည်ကို တွေ့ရသည်။ ထို့နောက် တူရကီ၊ ဂျပန်၊ ကိုရီးယားနှင့်အီရန်နိုင်ငံတို့၏ဈေးကွက်ဝေစုများမှာ ၉ဒသမ၁ရာခိုင်နှုန်း၊ ၇ ဒသမ ၉ ရာခိုင်နှုန်း၊ ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ၄ ဒသမ ၁ ရာခိုင်နှုန်းအသီးသီး ရရှိထားကြသည်။

**မြန်မာနှမ်းတင်ပို့သည့် ထိပ်တန်း (၅) နိုင်ငံ (၂၀၁၆)**

**Table 2: Top 5 Importers of Myanmar in 2016**

| Importers | Value Imported in 2016 (US$,000) | Quantity Imported in 2016 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| China | 118465 | 84685 | 1399 | 36.9 |
| Korea, Republic of | 19599 | 5949 | 3295 | 4.3 |
| Japan | 14339 | 6480 | 2213 | 7.9 |
| Singapore | 8521 | 4287 | 1988 | 0.3 |
| Thailand | 2028 | 1062 | 1910 | 0.5 |

Source : ITC TradeMap

၂။ မြန်မာ့ နှမ်းအား ၂၀၁၆ ခုနှစ်တွင် အများဆုံးတင်ပို့ရောင်းချရသည့်နိုင်ငံများမှာ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ ထို့ကြောင့် ကမ္ဘာ့နှမ်း သွင်းကုန် အဆင့် (၁) ၌ရှိသော တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရလျက်ရှိပြီး၊ အဆင့် (၃) နှင့် (၄) နေရာရှိ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများသို့လည်း တင်ပို့နေရသည်ဖြစ်ရာ အာရှနိုင်ငံများသို့ အဓိကထား တင်ပို့ရလျက်ရှိသည်ကိုတွေ့ရသည်။

## အာရှထိပ်တန်း (၅) နိုင်ငံ

Fig 3: Top 5 Asia Importers in 2017

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| China | 934396 | 712163 | 33.1 |
| Japan | 189572 | 148696 | 8.6 |
| Israel | 7366 | - | 3.2 |
| India | 17057 | 17480 | 0.8 |
| Thailand | 16352 | 12602 | 0.7 |

Source : ITC TradeMap

၃။ လေ့လာနေသော နှမ်းထုတ်ကုန်ကို အများဆုံး ဝယ်ယူတင်သွင်းသော အာရှနိုင်ငံများမှာ တရုတ်၊ ဂျပန်၊ အစ္စရေး၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြသည်။ တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် နှမ်း၇၁၂၁၆၃ တန်၊ ကန်ဒေါ်လာထောင်ပေါင်း ၉၃၄၃၉၆ ဖြင့် အများဆုံးတင်သွင်းကြောင်း လေ့လာတွေ့ရှိရသည်။ ထို့နောက် ဂျပန်နိုင်ငံက ၁၄၈၆၉၆ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာထောင်ပေါင်း ၁၈၉၅၇၂ ဖြင့် ဒုတိယအများဆုံးတင်သွင်းသည့်နိုင်ငံအဖြစ်တွေ့ရသည်။

## ကမ္ဘာ့ပို့ကုန်ထိပ်တန်း (၅) နိုင်ငံ

Table 4. Top 5 World exporters in 2016

| Exporters | Value Exported in 2016 (US$,000) | Quantity Exported in 2016 (Tons) | Unit Value $/Ton | Market Share |
|---|---|---|---|---|
| Ethiopia | 431332 | 411542 | 1048 | 19.9 |
| India | 415203 | 325908 | 1274 | 19.2 |
| Sudan | 304967 | 269849 | 1130 | 14.1 |
| Myanmar | 166001 | 103756 | 1600 | 7.7 |
| Tanzania | 129570 | 133752 | 969 | 6 |

Source : ITC TradeMap

၄။ နှမ်း(HS-120740) အား ၂၀၁၆ ခုနှစ်တွင် တင်ပို့သော ကမ္ဘာ့ထိပ်တန်း ၅ နိုင်ငံမှာ အီသီယိုးပီးယား၊ အိန္ဒိယ၊ ဆူဒါန်၊ **မြန်မာ** နှင့် တန်ဇေးနီးယားနိုင်ငံတို့ဖြစ်ကြသည်။ တစ်တန်ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ရာတွင် မြန်မာ၊ အိန္ဒိယနှင့် ဆူဒါန်တို့က ဈေးမြင့်သည်ကို တွေ့ရပါသည်။ အီသီယိုးပီးယားနိုင်ငံသည် ကန်ဒေါ်လာထောင်ပေါင်း ၄၃၁၃၃၂ ဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၉ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ အိန္ဒိယနိုင်ငံသည်လည်း ဈေးကွက်ဝေစု ၁၉ ဒသမ ၂ ရာခိုင်နှုန်းရရှိထားပါသည်။ မြန်မာနိုင်ငံသည် နှမ်းတင်ပို့သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများတွင် အဆင့် (၄) နေရာ၌ရှိပြီး ဈေးကွက်ဝေစု ၇ ဒသမ ၇ ရာခိုင်နှုန်းရှိပါသည်။

# အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

## တရုတ်ဈေးကွက်

Fig 5: Top 5 world exporters to China in 2016

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share in US Market |
|---|---|---|---|
| Ethiopia | 328572 | 303796 | 19.9 |
| Niger | 123182 | 129141 | 0 |
| Sudan | 120773 | 114304 | 14.1 |
| Tanzania, United Republic of | 113555 | 108006 | 6 |
| Togo | 93914 | 96774 | 0.2 |

Source : ITC TradeMap

## တူရကီဈေးကွက်

Fig 6: Top 5 world exporters to Turkey in 2016

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Nigeria | 112657 | 67812 | 6.2 |
| Sudan | 49610 | 30421 | 17.7 |
| Chad | 24754 | 14588 | 1.3 |
| Ethiopia | 19247 | 11716 | 19.2 |
| India | 7722 | 3323 | 16.5 |

Source : ITC TradeMap

ဂျပန်ဈေးကွက်

Fig 7: Top 5 world exporters to Japan in 2016

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| Burkina Faso | 40169 | 40580 | 2.3 |
| Nigeria | 31418 | 30847 | 6.2 |
| Myanmar | 26445 | 12683 | 2.6 |
| Tanzania, United Republic of | 20153 | 18267 | 4.6 |
| Guatemala | 12225 | 7739 | 1.7 |

Source : ITC TradeMap

ကိုရီးယားဈေးကွက်

Fig 8: Top 5 world exporters to Korea in 2016

| Country | Value (in USD Thousand) | Quantity (in Tons) | Market Share |
|---|---|---|---|
| China | 52821 | 27632 | 3.2 |
| India | 34231 | 29104 | 16.5 |
| Nigeria | 10540 | 9101 | 6.2 |
| Ethiopia | 6033 | 5062 | 19.2 |
| Pakistan | 3570 | 2904 | 2.2 |

Source : ITC TradeMap

ဗီယက်နမ်ဈေးကွက်

Fig 9: Top 5 world exporters to Viet Nam in 2016

| Country | Value (in USD Thousand)) | Quantity (in Tons) | Market Share |
|---|---|---|---|
| India | 53210 | 46179 | 16.5 |
| Ethiopia | 16239 | 13620 | 19.2 |
| Nigeria | 8971 | 0 | 6.2 |
| Pakistan | 5121 | 0 | 2.2 |
| Thailand | 444 | 249 | 0.3 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာ အကောင်းဆုံး ဈေးကွက်များ ရွေးချယ်ခြင်း

၅။ နှမ်းတင်သွင်းမှုအများဆုံး ထိပ်တန်းနိုင်ငံတစ်ခုစီ၏ ဈေးကွက်အခြေအနေကို လေ့လာရာတွင်နိုင်ဂျီးရီးယား၊ ဆူဒါန်၊ အီသီယိုးပီးယား နိုင်ငံတို့သည် အများအပြား တင်ပို့ရောင်းချခဲ့သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ဈေးကွက်တွင်လည်း ထိပ်တန်းပို့ကုန် (၁၀) နိုင်ငံတွင်ပါဝင်ကြသည်။ မြန်မာနိုင်ငံအနေနှင့် ဂျပန်နိုင်ငံသို့ တင်သွင်းသော ထိပ်တန်း(၅)နိုင်ငံစာရင်းတွင်သာပါဝင်ပြီး အခြားထိပ်တန်း ဝယ်လက်နိုင်ငံများ၏ ထိပ်တန်း ၅ နိုင်ငံစာရင်းတွင် ပါဝင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ဗီယက်နမ်နှင့် ကိုရီးယားနိုင်ငံများသို့ တင်သွင်းသည့် ထိပ်တန်း(၅) နိုင်ငံတွင် အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံ တို့နေရာရရှိ ထားသည်ကို တွေ့ရသဖြင့် မိမိတို့အနေနှင့်လည်း ဈေးကွက်များကို ထိုးဖောက်ရာတွင် အဆိုပါ နိုင်ငံများသည် အဓိကပြိုင်ဖက်များဖြစ်နေသည်ကိုတွေ့နိုင်ပါသည်။

## သွင်းကုန်ခွန်လေ့လာချက်

၆။ ကမ္ဘာ့ဈေးကွက်တွင် နှမ်းအများဆုံးတင်သွင်းသော ထိပ်တန်း (၅) နိုင်ငံဖြစ်သော တရုတ်၊ တူရကီ၊ ဂျပန်၊ ကိုရီးယား၊ အီရန်နိုင်ငံများနှင့် အာရှထိပ်တန်းဝယ်လက်ဈေးကွက်များဖြစ်သော အဖွဲ့ရေး၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ မြန်မာ့နှမ်းတင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုကို လေ့လာမှုပြုလုပ်ခဲ့ပါသည်။

၇။ တရုတ်၊ ဂျပန်၊ ထိုင်းနိုင်ငံတို့မှာ အာဆီယံ+၃ နိုင်ငံများဖြစ်သည့်အတွက် အခွန်စည်းကြပ်မှုသုညဖြစ်ပါသည်။ MFN အရမူ တရုတ်၊ တူရကီတို့မှ သုညဒသမ ၁ ရာခိုင်နှုန်းအသီးသီး စည်းကြပ်မည်ဖြစ်သည်။ ကိုရီးယားနိုင်ငံအနေနှင့် အာဆီယံနိုင်ငံများအပေါ် စည်းကြပ်သည့် Preferential Tariff နှုန်းထားမှာ ၅၀၄ ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလိုဂရမ်လျှင် ၅၃၂၈ ဝမ်နှုန်း များရာကိုလည်းကောင်း၊ IQTR အနေနှင့်မူ ၅၀၄ ရာခိုင်နှုန်း သို့မဟုတ် တစ်တန်လျှင် ၄၇၀၄ ဒသမ ၆၂ ဒေါ်လာနှုန်း များရာကိုလည်းကောင်း စည်းကြပ်မည်ဟုလေ့လာသိရှိရပါသည်။

# Tariff Rate of Sesame

| Partner | Tariff regime | Applied tariff (as reported) |
|---|---|---|
| China | MFN duties (Applied) | 0.1 |
| | Preferential tariff for Myanmar | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for 6 Least Developed Countries | 0 |
| Turkey | MFN duties (Applied) | 0.1 |
| Japan | MFN duties (Applied) | 0 |
| Korea | Preferential tariff for ASEAN countries | 504% or [5,328 won/kg or 4704.62 $/Ton]<br>whichever is higher the greater |
| | MFN duties (Applied) | - OQTR 630% or [6,660 won/kg or 5880.78 $/Ton]<br>whichever is higher the greater<br>- IQTR 40% |
| Iran | General tariff | 0.04 |
| Israel | MFN duties (Applied) | 0 |
| India | MFN duties (Applied) | 0.3 |
| Thai | | 0 |

Source: Market Access Map

## နှမ်းတင်ပို့သည့် ကမ္ဘာ့နိုင်ငံများ

၈။ ကမ္ဘာ့နှမ်းဈေးကွက်တွင် နှမ်းအများဆုံးတင်ပို့နေသောထိပ်တန်း (၁၀) နိုင်ငံအဖြစ် အီသီယိုပီးယား၊ ဆူဒန်၊ အိန္ဒိယ၊ နိုက်ဂျီးရီးယား၊ နိုင်ဂျား၊ တန်ဇန်းနီးယား၊ တရုတ်၊ မြန်မာ၊ တိုဂိုနှင့် Burkina Faso နိုင်ငံတို့ကိုလေ့လာတွေ့ရှိရသည်။

၉။ မူလပြုစုသည့် စာတန်းသည် ၂၀၁၆ ခုနှစ်အတွက်ဖြစ်ပြီး ယခုပြန်လည်လေ့လာသောအခါ ၂၀၁၇ ခုနှစ်အတွက် ဖော်ပြထားနေပြီဖြစ်ပါသည်။ ထို့အတွက် ၂၀၁၇ ခုနှစ်အနေနှင့် လေ့လာမှုပြုလုပ်သွားပါမည်။ ကမ္ဘာ့ဈေးကွက်သို့ နှမ်းတင်ပို့သောနိုင်ငံစုစုပေါင်း (၁၂၃) နိုင်ငံရှိပြီးမြန်မာနိုင်ငံသည် အဆင့် (၈) နေရာတွင်ရှိနေသည်ကိုတွေ့ရှိရပါသည်။ ထိပ်တန်း(၁၀) နိုင်ငံ၏ နှမ်းတစ်တန် ပေါက်ဈေး ဖော်ပြထားမှုမှာ တရုတ် ၁၈၁၀ ဒေါ်လာ/တန်နှင့် အမြင့်ဆုံး၊ မြန်မာနိုင်ငံက ၁၅၈၁ ဒေါ်လာ/တန် နှုန်းနှင့် ဒုတိယအမြင့်ဆုံး ရရှိသည်ကိုတွေ့ရပါသည်။ တင်ပို့မှုပမာဏအရ ၃၃၄၄၀ တန်နှင့် အဌမအဆင့်တွင် နေရာယူထားပါသည်။

## နှမ်းတင်ပို့သည့် အာရှနိုင်ငံများ

၁၀။ အာရှနိုင်ငံများထဲမှ နှမ်းအများဆုံးတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံမှာ အိန္ဒိယ၊ တရုတ်၊ မြန်မာ၊ ပါကစ္စတန်၊ တူရကီ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အာရပ်စော်ဘွားများနိုင်ငံ၊ ဗီယက်နမ်နှင့် သီရိလင်္ကာနိုင်ငံ တို့ဖြစ်ကြပါသည်။

## ယှဉ်ပြိုင်ဖက်နိုင်ငံများ

၁၁။ ထို့အတွက် မိမိတို့နိုင်ငံ၏ ယှဉ်ပြိုင်ဖက်များမှာ ကမ္ဘာ့ဈေးကွက်တွင်ရော အာရှဈေးကွက်တွင်ပါ အိန္ဒိယ၊ တရုတ်နိုင်ငံ တို့သည် မြန်မာထက် ပိုမိုတင်ပို့နိုင်သည်ကိုတွေ့ရသည်။ ဈေးအနေနှင့်မူ မြန်မာ၊ တရုတ်၊ အိန္ဒိယ (၃) နိုင်ငံတွင် တရုတ်ဈေးက မြန်မာထက်မြင့်ပြီး အိန္ဒိယဈေးက မြန်မာထက် နိမ့်သည်ကို တွေ့ရသည်။

၁၂။ အာရှနိုင်ငံများမှ ထိပ်တန်း (၁၀) နိုင်ငံ၏ ပေါက်ဈေးများတွင် တူရကီသည် ၁ တန် ၂၂၃၀ ဒေါ်လာနှင့် အမြင့်ဆုံး၊ ဗီယက်နမ်သည် ၁ တန် ၁၈၄၃ နှင့် ဒုတိယ၊ တရုတ်က ၁၈၁၀ ဒေါ်လာနှင့် တတိယ အမြင့်ဆုံးတွင်ရှိပြီး မြန်မာ့ နှမ်းဈေးသည် ၁၅၈၁ ဒေါ်လာနှင့် ပဥ္စမအများဆုံးဖြစ်သည်ကို တွေ့ရပါသည်။ အာရှနိုင်ငံများထဲမှာ နှမ်းတင်ပို့သော နိုင်ငံ (၃၃) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့် ၃ တွင်ရှိနေပါသည်။

၁၃။ ကမ္ဘာ့နှမ်းဈေးကွက် ထိပ်တန်းနိုင်ငံများမှ တင်ပို့နေသော နိုင်ငံများကို လေ့လာရာတွင် တရုတ်၊ တူရကီ၊ ဗီယက်နမ်၊ ဂျပန်၊ ဂရိ၊ ဆော်ဒီအာရေဗျ၊ ကိုရီးယား၊ တိုင်ပေ(တရုတ်)၊ စင်ကာပူ၊ ဂျော်ဒန်၊ နယ်သာလင်နီစ်၊ ပိုလန်၊ ဂျာမဏီ၊ အိန္ဒိယ၊ မလေးရှားတို့သို့ တင်ပို့မှုများ သည်ကို တွေ့ရပါသည်။ အဆိုပါ နိုင်ငံများအနက် မြန်မာနိုင်ငံသည် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်တိုင်ပေ၊ စင်ကာပူ၊ မလေးရှား နိုင်ငံတို့သို့ တင်ပို့မှုများရှိနေသဖြင့် ဈေးကွက်ရရှိပြီး ဖြစ်သော်လည်း ထိပ်တန်းနိုင်ငံများနှင့် ယှဉ်ပြိုင်ပို့နေရသည်ကိုတွေ့ရသည်။

**နှမ်းအများဆုံးတင်ပို့မှု (၅) နှစ်စာအခြေအနေ**

၁၄။ မြန်မာ့နှမ်း ပမာဏအားဖြင့် (၅) နှစ်စာ အများဆုံး တင်ပို့ခဲ့သည့် ထိပ်တန်း (၁၀) နိုင်ငံမှာ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဆွမ်ဇာလန်၊ တိုင်ပေ (တရုတ်) ၊ မလေးရှား၊ UAE နှင့် အန္ဒိယတို့ဖြစ်ကြသည်။ နောက်ဆုံးနှစ် ၂ နှစ်ဖြစ်သည့် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်ကို နှိုင်းယှဉ်ရာတွင် တရုတ်၊ ဂျပန်၊စင်ကာပူ၊ ထိုင်း၊ ဆွမ်ဇာလန်၊ တိုင်ပေ (တရုတ်) ၊ UAE နှင့် အန္ဒိယတို့သို့တင်ပို့မှုမှာ ၂၀၁၅ ခုနှစ်ထက် ပိုမိုတင်ပို့နိုင်ခဲ့ပြီး ကိုရီးယားနှင့် မလေးရှားသို့ တင်ပို့မှု ၂၀၁၅ ခုနှစ်ထက် တင်ပို့မှုပမာဏလျော့နည်းခဲ့သည်။

၁၅။ တန်ဖိုးအားဖြင့် တင်ပို့မှုတွင် တရုတ်၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ထိုင်း၊ ဒိန်းမတ်၊ ဆွမ်ဇာလန်၊ တိုင်ပေ (တရုတ်) ၊ မလေးရှားနှင့် UAE နိုင်ငံတို့အား ထိပ်တန်း (၁၀) နိုင်ငံအဖြစ် တွေ့ရသည်။ နောက်ဆုံးနှစ် ၂ နှစ်ဖြစ်သည့် ၂၀၁၅ နှင့် ၂၀၁၆ ကိုနှိုင်းယှဉ်ရာတွင် ဂျပန်၊ စင်ကာပူ၊ ဒိန်းမတ်၊ တိုင်ပေ (တရုတ်)တို့ ပိုမိုရရှိခဲ့သော်လည်း တရုတ်၊ ကိုရီးယား၊ ထိုင်း၊ ဆွမ်ဇာလန်၊ မလေးရှားနှင့် UAE တင်ပို့မှုတန်ဖိုးလျော့နည်းခဲ့ပါသည်။

**နှမ်းတင်သွင်းသည့် ကမ္ဘာ့နိုင်ငံများ**

၁၆။ ကမ္ဘာ့နှမ်း ဈေးကွက်တွင် နှမ်းအများဆုံးတင်သွင်းနေသောထိပ်တန်း (၁၀) နိုင်ငံမှာ တရုတ်၊ တူရကီ၊ ဂျပန်၊ ကိုရီးယား၊ ဗီယက်နမ်၊ အစ္စရေး၊ အမေရိကန်၊ ဂျာမဏီ၊ ဆော်ဒီအာရေဗျနှင့် တိုင်ပေ(တရုတ်) တို့ဖြစ်သည်။ **တရုတ်နိုင်ငံ**သို့ အများဆုံးတင်သွင်းသော နိုင်ငံများမှာ အီသီယိုးပီးယား၊ ဆူဒန်၊ နိုင်ဂျာ (Niger) တို့ဖြစ်ပြီး မြန်မာနိုင်ငံကအဆင့် (၈) နေရာတွင်ရှိပါသည်။ ဈေးကွက်ဝေစု (၁ ဒသမ ၃) ရာခိုင်နှုန်း ရရှိထားကြောင်း တွေ့ရပါသည်။ **ဂျပန်နိုင်ငံ**သို့ အများဆုံး

တင်သွင်းသည့် နိုင်ငံများမှာ Burkina-Faso ၊ Nigeria နှင့် မြန်မာနိုင်ငံတို့ဖြစ်ပြီး မြန်မာနိုင်ငံက အဆင့် (၃) နေရာ တွင် တည်ရှိ၍ ဈေးကွက်ဝေစု (၁၃ ဒသမ ၉) ရာခိုင်နှုန်းရရှိ ထားကြောင်း တွေ့ရသည်။ **ကိုရီးယားနိုင်ငံ** သို့ အများဆုံး တင်သွင်းသော နိုင်ငံများမှာ တရုတ်၊ အိန္ဒိယနှင့် နိုင်ဂျီးရီးယားတို့ဖြစ်ပြီး မြန်မာနိုင်ငံက အဆင့် (၉) နေရာတွင် ရှိပါသည်၊ တင်သွင်းမှု အနည်းငယ် သာရှိပြီး ဈေးကွက်ဝေစု (သုည ဒသမ ၁) ရာခိုင်နှုန်းရရှိထား ကြောင်းတွေ့ရပါသည်။

၁၇။ ၂၀၁၇ ခုနှစ် Trade Map စာရင်းအရကမ္ဘာ့ဈေးကွက်တွင် နှမ်းတင်သွင်းသော နိုင်ငံ စုစုပေါင်း (၁၆၉) နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် အဆင့် ၆၃ နေရာတွင်ရှိသည်။ နှမ်းတင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာထောင်ပေါင်း ၁၄၆၄ ရှိပြီး၊ ဈေးကွက်ဝေစု သုည ဒသမ ၁ ရာခိုင်နှုန်း ရှိသည်။

၁၈။ ၂၀၁၇ ခုနှစ်တွင် ဂျပန်၊ တိုင်ပေ၊ တရုတ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ကိုရီးယား၊ ဩစတြေးလျ၊ သီရိလင်္ကာနိုင်ငံများသည် မြန်မာနိုင်ငံမှ နှမ်းအများဆုံး တင်သွင်းခဲ့သော နိုင်ငံ များဖြစ်ပါသည်။ ဂျပန်နိုင်ငံသို့ နှမ်းတင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာထောင်ပေါင်း ၂၆၄၄၅ ဖြင့်အများဆုံး တင်သွင်းလျက်ရှိပြီး ဈေးကွက်ဝေစု ၅၀ ရာခိုင်နှုန်း ရရှိထားသည်။ ဒုတိယအနေဖြင့် တိုင်ပေ (တရုတ်) သို့ နှမ်းတင်သွင်းမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာထောင်ပေါင်း ၁၁၁၆၄ ရှိပြီး ဈေးကွက်ဝေစု ၂၁ ဒသမ ၁ ရာခိုင်နှုန်းရရှိထားသည်။ သီရိလင်္ကာသို့ အနည်းဆုံး တင်သွင်းကြောင်း တွေ့ရှိရပါသည်။

## မြန်မာ့ဆီထွက်သီးနှံ နှမ်း

၁၉။ နှမ်း(Sesame Seeds) သည် အပူပိုင်းဒေသ သီးနှံဖြစ်ပြီး ဆီထွက်သီးနှံအုပ်စုဝင် သီးနှံလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးသည့် ဆီထွက်သီးနှံလည်းဖြစ်ပြီး မကွေးတိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများအပြား စိုက်ပျိုး လျက်ရှိပါသည်။

၂၀။ မြန်မာဆီထွက်သီးနှံ၌ စိုက်ပျိုးထွက်ရှိမှု စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းကျော်မှာ နှမ်းဖြစ်ပြီး နှမ်းစိုက်ပျိုးမှုသည် အခြားဆီထွက်သီးနှံဖြစ်သော မြေပဲ၊ နေကြာ၊ ပဲပုတ်တို့နှင့် နှိုင်းယှဉ်လျှင် စိုက်ပျိုးထုတ်လုပ်မှု စရိတ်သက်သာခြင်း၊ ကရိကထ မများသည့်အတွက် အရင်းနည်း အမြတ်များ

သည့်အတွက် တွက်ခြေကိုက်သော သီးနှံဟုသိရပါသည်။ နှမ်း၏ အားနည်းချက်များမှာ ရာသီဥတု အပေါ်မှာမှီခိုနေရခြင်းဖြစ်သည်။ သို့သော် ရာသီဥတုကောင်းလျှင်ကောင်းသလို နှမ်းရရှိသည့်အတွက် တောင်သူများသည် နှမ်းကိုပိုမိုစိုက်ပျိုးကြသည်။ မြန်မာ့နှမ်းသည် ကမ္ဘာတွင် မျက်နှာပန်းလှသလို ကမ္ဘာ့နှမ်း ထုတ်လုပ်မှု ၏ထိပ်တန်း (၁၀) နိုင်ငံ စာရင်းဝင်ပါသည်။

၂၁။ နှမ်းကို မိုး၊ ဆောင်း၊ နွေဟူ၍ သုံးရာသီလုံး စိုက်ပျိုးနိုင်ပြီး နှမ်းစိုက်ချိန်နှင့် ရိတ်သိမ်းချိန်များ မှာအောက်ပါအတိုင်းဖြစ်ပါသည်-

| အမျိုးအစား | စိုက်ချိန် | ရိတ်သိမ်းချိန် |
|---|---|---|
| **မိုးနှမ်း** | မေ၊ ဇွန် | ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ |
| **ဆောင်းနှမ်း** | စက်တင်ဘာ၊ အောက်တိုဘာ | နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ |
| **နွေနှမ်း** | ဖေဖော်ဝါရီ | မေလ၊ ဇွန်လ |
| **မိုးကြိုရေသွင်းနှမ်း** | မတ်လ | |

**နှမ်းဈေးကွက်အလားအလာ ဖြည့်စွက် လေ့လာတင်ပြခြင်း**

၂၂။ မြန်မာ့နှမ်း အမျိုးအစားများမှာ နှမ်းဖြူ၊ နှမ်းနက်၊ နှမ်းနီညိုဟူ၍ နှမ်းစေ့ အရောင် အလိုက်ခွဲခြားသလို သက်တမ်းအရ နှမ်းကြီးနှင့် နှမ်းလျင်ဟူ၍ ခွဲခြားထားပါသည်။ နှမ်းတစ်ဧက လျှင် ကုန်ကျစရိတ်မှာ ကျပ် ၁၂၀၀၀၀ ခန့်ရှိပြီး အထွက်ကောင်းခြင်း၊ နှမ်းဈေးကောင်းရခြင်းတို့နှင့် ကြုံလျှင် တစ်ဧကကို ကျပ် ၁၅၀၀၀၀ ခန့်ထိ အကျိုးအမြတ် ရရှိသည်ဟုသိရသည်။ မြန်မာနိုင်ငံမှ နှမ်းအများဆုံး တင်ပို့သော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ စင်ကာပူနိုင်ငံ များဖြစ်သည်။ (၃) နှစ်တာကာလ နှမ်းဈေးကွက်ကို အောက်ပါအတိုင်း ကျွမ်းကျင်သူများက လေ့လာထားပါသည် -

| ကာလ | နှမ်းညို (ပိဿာ/ကျပ်) | နှမ်းဖြူ (ပိဿာ/ကျပ်) |
|---|---|---|
| **၂၀၁၅ ဒီဇင်ဘာ** | ၁၈၈၉ | ၂၈၈၉ |
| **၂၀၁၆ ဒီဇင်ဘာ** | ၁၈၂၂ | ၂၁၇၈ |
| **၂၀၁၇ ဒီဇင်ဘာ** | ၂၃၀၀ | ၂၄၀၀ |

၂၃။ ၂၀၁၆ ခုနှစ် နှမ်းဈေးသည် ၂၀၁၅ ခုနှစ်ထက်လျော့ကျခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင်မူ နှမ်းဈေး အမြင့်ဘက်သို့ ဦးတည်ခဲ့သည့်အတွက် နှမ်းစိုက်တောင်သူများ အကျိုးများသည့်နှစ်ဖြစ်ပါသည်။

**တန်ဖိုးမြင့် ပို့ကုန် နှမ်းလှော် ဆီမွှေး**

၂၄။ မိမိတို့အနေနှင့် နှမ်းဈေးကွက် ရရှိထားပြီးဖြစ်သော်လည်း ပိုမိုတင်ပို့နိုင်ရန်အတွက် နှမ်းစိုက်တောင်သူများအား အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် နည်းပညာများကို ပေးရန်လိုအပ်ပါမည်။ ထုတ်လုပ်မှုအပိုင်းတွင်လည်း ကုန်ကြမ်းအဆင့် တင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များ (နှမ်းလှော်ဆီမွှေး- လက်ရှိ ကိုရီးယား၊ ဂျပန် သို့တင်ပို့နေ) တင်ပို့နိုင်ရေး ကုန်သည်များအနေနှင့် ကြိုးပမ်းထုတ်လုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။